FMI
PART OF THE YOMA GROUP

# (၂၈) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးနှင့် ပတ်သက်၍ အသိပေးကြေငြာခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့ (န်) အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီ လီမိတက် ("ကုမ္ပဏီ" နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီခွဲ များ စုပေါင်း၍ "ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့သည် အောက်ပါအတိုင်း နှစ်ပတ်လည် အထွေထွေ အစည်းအဝေး ကျင်းပရန် စီစဉ်ထားမှုများ နှင့် စပ်လျဉ်း၍ အစုရှယ်ယာရှင်များအား အောက်ပါအတိုင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကုမ္ပဏီအနေနှင့် လက်ရှိအချိန်တွင် ဖြစ်ပွားနေသော 2019 Novel Coronavirus ရောဂါဘေးအန္တရာယ်ကြောင့် အစုရှယ်ယာရှင်များ၏ ကျန်းမာရေး ရှုထောင့်အရ စိုးရိမ်ပူပန်မှုများကို ထည့်သွင်းစဉ်းစားလျက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက်နေ့တွင် ကျင်းပသွားမည် ကုမ္ပဏီ၏ (၂၈) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကို အောက်ပါအတိုင်း စီစဉ်ဆောက်ရွက်သွားမည် ဖြစ်ပါသည်။ အစုရှယ်ယာရှင်များအနေနှင့် မိမိနှင့် သင့်လျော်ရာကို ရွေးချယ်လုပ်ဆောင်ရန် အကြံပြုအပ်ပါသည်၊

၁။ နှစ်ပတ်လည် အစည်းအဝေးအား (၁၇.၀၁.၂၀၂၀) ရက်စွဲပါ အစည်းအဝေးအကြောင်းကြားစာပါ ဆုံးဖြတ်ဆောင်ရွက်ရန်များကို စည်းမျဉ်းစည်းကမ်းများ နှင့် အညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အစုရှယ်ယာရှင်များသည် အစည်းအဝေးကို မူလအစီအစဉ်အတိုင်း တက်ရောက်ဆောင်ရွက်နိုင်ပါသည်။ သို့ရာတွင် ယခင်နှစ်များက အစည်းအဝေးခန်းမ အဝင်ဝတွင် နှစ်စဉ် ပေးအပ်လေ့ရှိသည့် အခွင့်အရေးအစီအစဉ်များနှင့် အခြားသော လက်အောက်ခံ ကုမ္ပဏီများမှ ၎င်းတို့၏ ဝန်ဆောင်မှု ပြသခြင်း အစီအစဉ်များကို ဆောင်ရွက်တော့မည် မဟုတ်ဘဲ အစည်းအဝေးအား အကျဉ်းချုံး၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့အပြင် ကုမ္ပဏီအနေနှင့် အစည်းအဝေးခန်းမသို့ မဝင်ရောက်မီ တက်ရောက်လာသော အစုရှယ်ယာရှင်များ၏ ကျန်းမာရေးစစ်ဆေးမှုများကို ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၊ ထို့အပြင် အစုရှယ်ယာရှင်များ အနေနှင့် အစည်းအဝေး ကျင်းပသည့် အစီအစဉ်ကို အချိန်နှင့် တပြေးညီ အွန်လိုင်းစာမျက်နှာများမှ တဆင့် ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ ကုမ္ပဏီ၏ Website နှင့် Facebook စာမျက်နှာ မှ တဆင့် တိုက်ရိုက်ထုတ်လွှင့် တင်ပြ သွားမည် ဖြစ်သောကြောင့် အစုရှယ်ယာရှင်များ အနေဖြင့် မိမိတို့ နေအိမ်သော်လည်းကောင်း၊ နယ်ဝေးမှလည်းကောင်း၊ တခြား အဆင်ပြေသည့် နေရာ တစ်ခုခုမှ ကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

(က) ၂၀၁၉ ခုနှစ် ၊ ဒီဇင်ဘာလ (၃၀) ရက်နေ့ တွင် ထုတ်ပြန်ခဲ့သော နှစ်ပတ်လည်အစီရင်ခံစာ နှင့် ပတ်သက်၍ စုံစမ်းမေးမြန်းလိုသည်များရှိပါက ၂၀၂၀ပြည့်နှစ် ၊ ဖေဖော်ဝါရီလ (၁၄) ရက်နေ့ ညနေ (၅) နာရီထက်နောက်မကျဘဲ ကုမ္ပဏီသို့လိပ်မူ၍ Email ပေးပို့နိုင်ပါသည်။

(ခ) အစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့မှ တင်ပြချက်များကို စုံစမ်းမေးမြန်းလိုသည်များ ရှိပါက ကုမ္ပဏီသို့လိပ်မူ၍ Email ပေးပို့စုံစမ်းမေးမြန်းနိုင်ပြီး ဒါရိုက်တာအဖွဲ့မှ နောက်ရက်ပိုင်းများတွင် ဆောလျင်စွာ အကြောင်းပြန်ကြားပေးမည် ဖြစ်ပါသည်။

Website Address : https://fmi.com.mm/investors/announcements/
Facebook Address : https://www.facebook.com/FirstMyanmarInvestment/
Email Address : info-fmi@yoma.com.mm

၃၊ အထက်ပါ အစီအစဉ် (၂) ကို ရွေးချယ်သည့် အစုရှယ်ယာရှင်များအနေဖြင့် မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန် အတွက် ရှယ်ယာရှင်များ၏ မဲများကို Proxy Form များမှတဆင့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ မတိုင်မီ ပေးပို့ပါရန်လည်း မေတ္တာရပ်ခံအပ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါအစီအစဉ်အား အစုရှယ်ယာရှင်များအနေနှင့် ကျေနပ်နှစ်သိမ့်မည်ဟု ယုံကြည်ပါကြောင်း နှင့် အခြားလိုအပ်ချက်များရှိပါလျှင် လုပ်ငန်းအဖွဲ့ (၀၁-၃၆၈၇၇၆၆) သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ဒါရိုက်တာအဖွဲ့ ညွှန်ကြားချက်အရ

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၆ ) ရက်

**First Myanmar Investment Public Co., Ltd.**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm